**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၇၂၈ / ၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

ပြည်ထဲရေးဝန်ကြီးဌာနသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ(က)အရ အပ်နှင်းသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ၊ အခန်း(၂) နည်းဥပဒေ ၃တွင် နည်းဥပဒေခွဲများအား အောက်ပါအတိုင်းထပ်မံဖြည့်စွက်ရမည်-

‘(က) မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်မိရပ်ဖငါးဦးကို ရွေးချယ်၍ ကြီးကြပ်ရေး အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်ရန် အိမ်ထောင်စုတစ်စုလျှင် အသက် (၁၈)နှစ်ပြည့်ပြီးသော အိမ်ထောင်စုဝင် တစ်ဦးနှုန်းတက်ရောက်ရန်အသိပေးပြီး အစည်းအဝေးကို ကြိုတင်ဖိတ်ကြားနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသော အများကြည်ညိုလေးစားပြီး ဩဇာတိက္ကမရှိသည့် ရပ်မိရပ်ဖ ငါးဦးကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တစ်ခုစီအတွက် အများဆန္ဒနှင့်အညီရွေးချယ်၍ ကြီးကြပ်ရေး အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရမည်။

(ဂ) အဆိုပါ ကြီးကြပ်ရေးအဖွဲ့ဝင်ငါးဦးအနက်မှ အဖွဲ့ခေါင်းဆောင်တစ်ဦးကိုအချင်းချင်း ညှိနှိုင်းရွေးချယ်သတ်မှတ်ရမည်။

(ဃ) မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့များကို ရွေးချယ်နိုင်ရန် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများပါဝင်သောအဖွဲ့အား တာဝန်ပေးအပ်နိုင်သည်။ ’

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ၊ အခန်း(၂)၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ(က)ပါ **'အများဆုံးအိမ်ထောင်စုဆယ်စု'** ဆိုသည့်စကားရပ်၏ရှေ့တွင် **'တစ်ဆက်တစ်စပ်တည်း အစဉ်အလိုက်ဖြစ်သော'** ဆိုသည့်စကားရပ်အားထပ်မံဖြည့်စွက်ရမည်။

၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ၊ အခန်း(၂)၊ နည်းဥပဒေ ၆ တွင် ပြဌာန်းထားသော 'ရွေးချယ်ရရှိသောပုဂ္ဂိုလ်၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်တို့ကို ကြီးကြပ်ရေး အဖွဲ့ကမှတ်တမ်းတင်ထားရမည်။' ဆိုသည့်စကားရပ်ကို **'ထိုသို့ရွေးချယ်ရာတွင် ဆန္ဒမဲ အရေအတွက် တူညီလျှင်ဖြစ်စေ၊ အငြင်းပွားမှုပေါ်ပေါက်ခဲ့လျှင်ဖြစ်စေ ကြီးကြပ်ရေးအဖွဲ့သည်ရရှိသော ဆန္ဒမဲ အရေ အတွက်ကို မည်သူမျှဝင်ရောက် ညှိနှိုင်းဆောင်ရွက်ခွင့်မပြုဘဲ လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခြင်းကို ထပ်မံပြုလုပ်ရမည်။'** ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ၊ အခန်း(၄)၊ နည်းဥပဒေ ၁၉ ၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ်(၆)ပါ ' ရေချိုးခြင်းတို့ကိုသော်လည်းကောင်းမပြုရန်' ဆိုသည့် စကားရပ်၏နောက်တွင် **'သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနက ညွှန်ကြားလာပါက'** ဆိုသည့် စကားရပ်အား ထပ်မံဖြည့်စွက်ရမည်။

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ၊ အခန်း(၄)၊ နည်းဥပဒေ ၁၉ ၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ်(၇)ပါ 'ကျန်းမာရေးဌာန၏ အတည်ပြုချက်ဖြင့်' ဆိုသည့် စကားရပ်အား **'သက်ဆိုင်ရာ ကျန်းမာရေးဌာနက ညွှန်ကြားလာပါက '** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ၊ အခန်း(၄)၊ နည်းဥပဒေ ၁၉ ၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ်(၈)ပါ ပြဌာန်းထားသော 'ကူးစက်ရောဂါဖြစ်ပွားကြောင်းတွေ့ရှိပါက ကျန်းမာရေးဌာနသို့ အကူအညီတောင်းခံခြင်း' ဆိုသည့် စကားရပ်ကို **'ကျန်းမာရေးဦးစီးဌာနက အသိပေး ကြေညာထားသော ကူးစက်ရောဂါဖြစ်ပွားကြောင်းတွေ့ရှိပါက ကျန်းမာရေးဦးစီးဌာနသို့ ချက်ခြင်း အကြောင်းကြားခြင်း'** ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ၊ အခန်း(၄)၊ နည်းဥပဒေ ၂၈ ပါ 'မိမိ၏လုပ်ငန်းတာဝန်များထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရပ်ကွက်သို့မဟုတ်ကျေးရွာ အလိုက် ဆယ်အိမ်စုမှူးများကို ခန့်ထားနိုင်ရန် ဥပဒေပုဒ်မ ၅ ပါ အရည်အချင်းနှင့်ကိုက်ညီသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များကိုပြုစု၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံတင်ပြနိုင်သည်' ဆိုသည့်စကားရပ်ကို **' မိမိ၏ လုပ်ငန်း တာဝန်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက်**

**နည်းဥပဒေ ၆ အရ ရွေးချယ်ထားပြီးဖြစ်သော ကိုယ်စားလှယ်များအား ဆယ်အိမ်စုမှူးများအဖြစ် ခန့်ထားတာဝန်ပေးရမည်။’** ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ၊ အခန်း(၄)၊ နည်းဥပဒေ ၂၉ ပါ ပြဋ္ဌာန်းချက်များအား ပယ်ဖျက်ရမည်။

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ၊ အခန်း(၄)၊ နည်းဥပဒေ ၃၀ ပါပြဋ္ဌာန်းချက်များအားပယ်ဖျက်ရမည်။

၁၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ၊ အခန်း(၄)၊ နည်းဥပဒေ ၂၉၊ ၃၀ တို့အား ပယ်ဖျက်ခဲ့၍ နည်းဥပဒေ ၃၁ အား နည်းဥပဒေ ၂၉ အဖြစ်လည်းကောင်း၊ နည်းဥပဒေ ၃၂ အား နည်းဥပဒေ ၃၀ အဖြစ်လည်းကောင်း၊ နည်းဥပဒေ ၃၃ အား နည်းဥပဒေ ၃၁ ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၃၄ အား နည်းဥပဒေ ၃၂ အဖြစ်လည်းကောင်း၊ နည်းဥပဒေ ၃၅ အား နည်းဥပဒေ ၃၃ အဖြစ်လည်းကောင်း၊ နည်းဥပဒေ ၃၆ အား နည်းဥပဒေ ၃၄ အဖြစ်လည်းကောင်း၊ နည်းဥပဒေ ၃၇ အား နည်းဥပဒေ ၃၅ အဖြစ်လည်းကောင်း၊ နည်းဥပဒေ ၃၈ အား နည်းဥပဒေ ၃၆ အဖြစ်လည်းကောင်း၊ နည်းဥပဒေ ၃၉ အား နည်းဥပဒေ ၃၇ အဖြစ်လည်းကောင်း၊ နည်းဥပဒေ ၄၀ အား နည်းဥပဒေ ၃၈ အဖြစ်လည်းကောင်း၊ နည်းဥပဒေ ၄၁ အား နည်းဥပဒေ ၃၉ အဖြစ်လည်းကောင်း၊ နည်းဥပဒေ ၄၂ အား နည်းဥပဒေ ၄၀ အဖြစ်လည်းကောင်း၊ နည်းဥပဒေ ၄၃ အား နည်းဥပဒေ ၄၁ အဖြစ်လည်းကောင်း၊ နည်းဥပဒေ ၄၄ အား နည်းဥပဒေ ၄၂ အဖြစ်လည်းကောင်း ပြန်လည်အမှတ်စဉ်ရမည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

စာအမှတ်၊ ပထရ / ဖ ( ၇၂၈ ) / ရေး ၁
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

လွှတ်တော်ရုံး

ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရုံး/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးများ

နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအားလုံး } မိမိဌာနလက်အောက်ရှိ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ဖြန့်ဝေပေးပါရန်၊

ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများအားလုံး

ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း ကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်၊

အမိန့်အရ

ထွန်းလှအောင်

ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

လက်ခံစာတွဲ/မျှောစာတွဲ